# "လောကုတ္တရာအမြင်"

## Heavenly Vision, The

"သတ္တိဟူသည် ကြောက်ရွံ့မှုကင်းမဲ့ခြင်းမဟုတ်။ သို့သော် ကြောက်ရွံ့ခြင်းထက်ပိုပြီး အရေးကြီးသောအရာဖြစ်သည်" ဟု အင်ဘရို့စ် ဟောလင်းဝ့သ် ရက်ဒမွန်း (Ambrose Hollingworth Redmoon) ကရေးသားခဲ့သည်။ သို့ဆိုလျှင် ကျွန်ုပ်တို့ပြုလုပ်ရန် ကြောက်ရွံ့နေသည့် အရာကို ပြုလုပ်နိုင်သော သတ္တိအား မည်သို့ရှာဖွေကြမည်နည်း။ အကြောက်တရား၏ ဟိုဘက်ကို လွန်၍ကြည့်ရပါမည်။ ကျွန်ုပ်တို့၏ မျက်စေ့များကို ရည်မှန်းချက်ပေါ်သို့ တစ်ခုခုအပေါ်သို့ စူးစိုက်ကြည့်ရှုနေကြရပါမည်။

မကြာသေးမီက "အကြောက်တရား" ဟူသော အမည်ဖြင့် တီဗွီပြပွဲတစ်ခုကို အမေရိကန် ပြည်ထောင်စုတွင် တင်ဆက်ခဲ့သည်။ အဆိုပါ ပြပွဲတွင် ယှဉ်ပြိုင်သူများသည် သတ္တိကိုဖေါ်ပြသော စမ်းသပ်မှုအမျိုးမျိုးကို ယှဉ်ပြိုင်ရသည်။ အချုပ်အားဖြင့်ဆိုရပါမူ အကြောက်တရားကို ကျော်လွှားလွန်မြောက်သည့် စမ်းသပ်မှုများဖြစ်ပါသည်။ နောက်တစ်ဆင့် ယှဉ်ပြိုင်ရေးအတွက် ပြိုင်ပွဲဝင်များအနေဖြင့် ထိတ်လန့်ကြောက်မက်ဖွယ်၊ ထူးဆန်းဖွယ် သို့မဟုတ် စက်ဆုပ်ဖွယ်စွမ်းရည်အချို့ကို အောင်မြင်ရန်လိုအပ်သည်။ မည်သည့်လူစားမျိုးကများ ဤသို့သော တင်ဆက်မှုမျိုးကို ပါဝင်တင်ဆက်ကြပါသနည်း။ နောက်ဆုံးအောင်မြင်သော အမျိုးသား သို့မဟုတ် အမျိုးသမီးအတွက် ဆုကြေးငွေမှာ အမေရိကန်ဒေါ်လာ ၅၀၀၀၀ခန့်မျှ ဖြစ်ပါသည်။

အကြောက်တရားကို ကျော်လွှားရန် ယှဉ်ပြိုင်ကြသူများကား ထိုသူများချည်းမဟုတ်ကြပါ။ တောင်တက်သမားများသည် ရာသီဥတုအခြေအနေများ၊ ဝေတ်မွတ်မှုများနှင့် ပင်ပန်းနွမ်းနယ်မှုများစသည့် ခက်ခဲကြမ်းတမ်းသော အခြေအနေများအောက်တွင် သူတို့၏အသက်နှင့် ခြေလက်အင်္ဂါများကို စွန့်စားကြသူများ ဖြစ်ကြသည်။ ထိုသို့သော စွန့်စားခြင်းကား တောင်ထိပ်ပေါ်သို့ ရောက်ရှိသည့် သဲထိတ်ရင်ဖိုခံစားမှုနှင့် အခြားသူများမတွေ့ရသော သို့မဟုတ် တွေ့မြင်ချင်သော အမြင်တစ်ခုဖြင့် ကမ္ဘာကြီးကို ကြည့်မြင်ရသော ပီတိတို့ကို ခံစားလို၍ဖြစ်ပါသည်။ အားကစားသမားများသည် မယုံကြည်နိုင်သော ကိုယ်ပိုင်စည်းကမ်းများကို ကျင့်သုံးကြသည်။ သူတို့ကိုယ်သူတို့ ရှေ့တန်းသို့ အားနှင့်အင်နှင့် ပို့ကြသည်။ အကြောင်းမူ သူတို့သည် အောင်မြင်မှု သို့မဟုတ် ရွှေတံဆိပ် သို့မဟုတ် ရရှိမည့်ဆုကြေးငွေအပေါ်တွင်သာ စူးစိုက်ထားကြ၍ဖြစ်သည်။

(ကောရိန္သုသြဝါဒစာ ဒုတိယစောင် အခန်း ၁၁) တွင် တမန်တော်ပေါလုက သူမည်မျှခက်ခဲပင်ပန်းခြင်းကြီးစွာ လုပ်ဆောင်ခဲ့ရပုံ၊ မအိပ်မနေသွားလာခဲ့ရပုံ၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အဝတ်ချည်းစည်းမရှိခြင်းတို့ကို အကြိမ်ကြိမ်ခံခဲ့ရပုံ၊ မည်သို့ကြိမ်ဒဏ်ရိုက်ခံရပြီး သေလုမျောပါးကျောက်ခဲနှင့် ပစ်ပေါက်ခံရပုံ၊ မည်သို့သင်္ဘောပျက်ခဲ့ပုံ၊ ထောင်ထဲ၌ လှောင်ထားခြင်းခံရပုံ၊ သေဘေးနှင့် အကြိမ်ကြိမ် ကြုံတွေ့သော်လည်း အကြိမ်ကြိမ်ဒေသ ခရီးလှည့်လည်ပုံတို့ကို ပြန်လည်ပြောပြထားသည်။ ထိုသို့သော ဒုက္ခအမျိုးမျိုးကို ခံနိုင်ရည်ရှိရန် သတ္တိကို မည်သည့်နေရာမှ သူရှာဖွေတွေ့ရှိခဲ့ပါသနည်း။ (ဖိလိပ္ပိသြဝါဒစာ ၃း၁၃-၁၄) တွင် သူ၏ လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့အား ပြောပြခဲ့သည်မှာ "ညီအစ်ကို့ ကိုင်ထိပြီဟု ကိုယ့်ကိုယ်ကို မထင်သော်လည်း ငါပြုသောအမှုတစ်ခုဟူမူကား နောက်ကျသောအရာတို့ကို မမှတ်ဘဲ ရှေ့၌ရှိသောအရာတို့ကို ကမ်းလှမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှာ ပန်းတိုးတိုင်သို့ ငါလိုက်ပြေး၏" ဟုဖြစ်ပါသည်။ ယင်းကလျှို့ဝှက်ချက်ပင် ဖြစ်ပါသည်။ ရည်မှန်းချက်သို့ရောက်အောင် ဖိအားပေးပါ။ ဆုလာဘ်ပေါ်တွင် အာရုံစိုက်ပါ။

မျက်မှောက်လောကကြီးကား ပြဿနာများ၊ သောကများနှင့် ဝေဒနာများဖြင့် ပြည့်နှက်နေပါသည်။ ယနေ့သတင်းခေါင်းကြီးများနှင့် သမ္မာကျမ်းစာပါ များပြားလှစွာသော ဟောကိန်းများက အရာများစွာတို့သည် ပို၍ကောင်းမလာဘဲ သာ၍သာ၍ဆိုးရွားလာနေကြောင်း ကျွန်ုပ်တို့အား သတိပေးနေပါသည်။ ရှေ့တွင် အနာဂတ်တွင် ကြုံတွေ့ရမည့်အရာကို ရင်ဆိုင်နိုင်မည့်သတ္တိကို ကျွန်ုပ်တို့အဘယ်မှာ ရှာတွေ့ပါမည်နည်း။ ကျွန်ုပ်တို့သည် မျက်မှောက်ပစ္စုပ္ပန်ဘဝကို ကျော်လွန်၍ကြည့်ကာ ရလာမည့်ဆုလာဘ်ကိုသာ အာရုံစူးစိုက်ရပါမည်။

လူတိုင်းနီးပါးအတွက် နိဗ္ဗာန်ဘုံသည် အလှမ်းဝေးကွာလွန်းနေသရောင် ထင်ရပါသည်။ သမ္မာကျမ်းစာက ဖေါ်ပြသလောက် သတိပြုမိရန် မလွယ်ကူလှပါ။ ယင်းသည်ကား ကျွန်ုပ်တို့လက်ရှိနေထိုင်ရာ ရုပ်ကမ္ဘာထက် ပို၍စစ်မှန်ပြီး ပို၍အဆုံးမရှိသော ပို၍တာရှည်ခံသော ကမ္ဘာတစ်ခုဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ နိဗ္ဗာန်လောကအမြင်ကား ယုံကြည်မှု၏ အနှစ်သာရပင် ဖြစ်ပါသည်။ ယုံကြည်သူများအတွက်သတ္တိကို ရှာဖွေတွေ့ရှိရာနေရာလည်း ဖြစ်ပါသည်။ မောရှေက "ယုံကြည်ခြင်းဖြင့် မျက်မြင်မရသော ဘုရားသခင်ကို မြင်ရဘိသကဲ့သို့ တည်ကြည်ခြင်းရှိ၏" (ဟေဗြဲသြဝါဒစ ၁၁း၂၇) အလားတူစွာ ကျွန်ုပ်တို့သည်လည်း ယုံကြည်ခြင်းဖြင့် သတ္တိကို မြင်နိုင်စွမ်းရှိကြပါသည်။

(မစ္စတီကေ)
(By. Misty Kay)

# "တောင်တက်သမား"

## I'll Take the Mountain

"ထိုလူအပေါင်းတို့ကိုမြင်လျှင် ကိုယ်တော်သည် တောင်ပေါ်သို့တက်၍ ထိုင်တော်မူသောအခါ တပည့်တော်တို့သည် ကိုယ်တော်ရင်းသို့ ချဉ်းကပ်ကြ၏" (ရှင်မဿဲမရစ်ဝင် ၅း၁) တောင်ပေါ်တွင် နှုတ်တော်ကိုဖွင့်၍ ဆုံးမသြဝါဒပေးသော လက်တစ်ဆုပ်စာမျှသာရှိသော အမျိုးသားများပင်ဖြစ်သည်။

တောင်ထိပ်ဖျားဟူသောနေရာကား လူစည်ကားသော နေရာမဟုတ်ပေ။ အဘယ်ကြောင့်နည်း။ ထိုနေရာသို့ရောက်ရန် ခက်ခဲပင်ပန်း၍

အန္တရာယ်များသောကြောင့်ပင် ဖြစ်သည်။ သင်သည် တောင်တစ်လုံးကိုတက်မည်ဆိုပါက ဆိုးရွားသော ရာသီဥတုစသည့် သဘာဝအခြေအနေများကို ရင်ဆိုင်လိုစိတ်ရှိပြီး တောင်ထိပ်သို့ရောက်ရန် အမှန်တကယ် ကြိုးစားတက်ရောက်ရပေမည်။ စွန့်ဦးတီထွင်ရှာဖွေလိုသူများသာ တောင်တက်လေ့ရှိကြသည်။ လူအများစုကား သူတစ်ပါးခင်းပြီးသောလမ်းကို အသင့်လျှောက်လိုတတ်ကြသည်။ အခြားသူမယုံကြည်သော အရာများကို ယုံကြည်ကြရမည်။ ပထမဦးဆုံးအစပျိုးသူဖြစ်အောင် ကြိုးစားရမည်။ ထိုအချက်ကို ထွင်းဖေါက်မြင်နိုင်သော သတ္တိလည်းရှိရမည်။

တစ်ခါတစ်ရံတွင် သင့်ရှေ့၌ ဘုရားသခင်ချခင်းထားသော စိန်ခေါ်မှုကား ကျော်လွှားဖြတ်သန်းနိုင်ပုံမရပေ။ သို့သော် ယုံကြည်မှုရင့်သန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အတွက် မတက်နိုင်သော တောင်ထိပ်ဟူသည် မရှိပါ။ သို့ဆိုလျှင် အဘယ်အရာကို သင်စောင့်ဆိုင်းနေပါသနည်း။ စတင်တက်ပါလော့။ ခက်ခဲကြမ်းတမ်းသော တောင်တက်လမ်းဖြစ်ချင်ပါလိမ့်မည်။ သို့သော် တောင်ထိပ်ရှိမြင်ကွင်းကို မြင်ရရေးသည် ကျောက်ဆောင်ထူထပ်သော နေရာတွင် လှမ်းတက်နေသော ခြေလှမ်းတိုင်းနှင့် ထိုက်တန်ပါသည်။ ရှေ့သို့မျှော်မှန်း၍ မကြာခင်ရောက်ရှိတော့မည် တောင်ထိပ်သို့ မလျော့သော ဇွဲဖြင့်ချီတက်ပါ။ မကြောက်မရွံ့ နောက်မတွန့်ဘဲ မဆုတ်မနစ်သောဇွဲဖြင့် ချီတက်လျှင် သည်းထိပ်ရင်ဖိုဖွယ် တောင်ထိပ်မြင်ကွင်းကို မကြာခင်ပင် သင်တွေ့မြင်ခံစားရပါလိမ့်မည်။

(ဒေးဗစ် ဘရန့်တ် ဘာ့ဂ်)
(By. David Brandt Berg)